# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

## ၁၃ ရက်မြောက်နေ့ အစီအစဉ်

## [ ၇–၁၂–၂၀၁၅ ] (တနင်္လာနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၆။ ပြည်သူ့ငွေစာရင်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၈။ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၉။ အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဦးခမိုင်မှန်ကွမ်၊ ဆွမ်ပရာဘွမ် မဲဆန္ဒနယ်က ဆွေးနွေးခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ အစည်းအဝေး ဒသမနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာကို သဘောတူ လက်ခံရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၂။ ဘဏ္ဍာရေးဝန်ကြီးဌာနက တင်သွင်းသော "ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၃။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "အပင် မျိုးသစ် အကာအကွယ်ပေးရေး ဥပဒေကြမ်း" ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၄။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော "ပိုးသတ်ဆေး ဥပဒေကြမ်း" ကို လက်ခံ ရရှိကြောင်း လွှတ်တော်သို့ အသိပေး တင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၅။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့သော "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော "ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၇။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော " စက်မှုလုပ်ငန်းဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း၊

၁၈။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "စက်မှုလုပ်ငန်းဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၉။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "အစိုးရအောင်ဘာလေထီဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၂၀။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "အစိုးရအောင်ဘာလေထီဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘော ကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၂၁။ အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်ခြင်းမပြုဘဲ ပြန်လည်ပေးပို့သော "ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၂၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၄ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။